# ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၈။)

၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၁ ရက်

(၂၀၁၇ ခုနှစ်၊ မေလ ၂၆ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဂ) တွင်ပါရှိသော 'ခရိုင်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့ သို့မဟုတ် မြို့နယ်ဥပဒေဆိုင်ရာအထောက်အကူပေးရေးအဖွဲ့' ဆိုသည့်စကားရပ်ကို 'ခရိုင်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့၊ မြို့နယ်ဥပဒေဆိုင်ရာ အထောက်အကူပေးရေးအဖွဲ့ အသီးသီး' ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၃ တွင် -

(က) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မခွဲ(ဃ) တို့ကို အောက်ပါအတိုင်း အစားထိုးရမည်-

'(က) ဥပဒေဆိုင်ရာအထောက်အကူပေးရာတွင် ဥပဒေအရာ၌ မျှတမှုနှင့်တန်းတူညီမျှမှု အခွင့်အရေးများ ရရှိစေရန်၊

(ခ) ပြစ်မှုများတွင် ဥပဒေနှင့်အညီ ခုခံချေပခွင့်နှင့်အယူခံပိုင်ခွင့်တို့ကို ဆောင်ရွက်ရာ၌ နိုင်ငံတကာစံချိန်စံညွှန်းနှင့်ကိုက်ညီမှု၊ စိတ်ကောင်းစေတနာထားရှိမှုတို့ကို အခြေခံ၍ ထိရောက်သည့် ဥပဒေဆိုင်ရာအထောက်အကူရရှိစေရန်၊

(ဃ) ပြစ်မှုဆိုင်ရာဥပဒေပြဿနာများကို ဖြေရှင်းရာတွင် ပွင့်လင်းမြင်သာပြီး တရားမျှတမှုရရှိစေခြင်းဖြင့် တရားဥပဒေစိုးမိုးမှုနှင့်တရားဥပဒေအပေါ် ယုံကြည်မှု ပိုမိုမြင့်မားလာစေရန်၊'

(ခ) ပုဒ်မခွဲ (ဇ) ကို ပယ်ဖျက်ရမည်။

၄။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၄၊ ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည် -

'(ဈ) ဥပဒေဆိုင်ရာအထောက်အကူပေးသူများကို ဥပဒေနှင့်အညီ လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိစေရေးနှင့် ယင်းတို့အား အကာအကွယ်ပေးရေး။'

၅။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၅ တွင်-

(က) ပုဒ်မခွဲ (ဇ) တွင်ပါရှိသော 'အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန' ဆိုသည့်စကားရပ်ကို 'စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန' ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ (ဈ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

'(ဈ) တရားလွှတ်တော်ရှေ့နေများကောင်စီမှ အမည်စာရင်း တင်သွင်း အဖွဲ့ဝင်သောတရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၅ နှစ် အမှုလိုက်ပါဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး၊'

(ဂ) ပုဒ်မခွဲ (ဈ) ၏ နောက်တွင် ပုဒ်မခွဲ (ည) အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

'(ည) ပုဒ်မခွဲ (ဈ) ပါအဖွဲ့ဝင် လေးဦးအနက် ဥက္ကဋ္ဌကတာဝန် အတွင်းရေးမှူးပေးအပ်သူတစ်ဦး။'

၆။ ဥပဒေဆိုင်ရာအထောက်အကူပေးရေးဥပဒေ ပုဒ်မ ၆၊ ပုဒ်မခွဲ (င) ကို အောက်ပါအတိုင်း အစားထိုးရမည် -

'(င) အများပြည်သူတို့အား ဥပဒေရေးရာနှင့်တရားစီရင်ရေးဆိုင်ရာ အသိပညာပေးမှုများကို စီမံချက်များရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊'

၇။ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေ ပုဒ်မ ၈ တွင်-

(က) ပုဒ်မခွဲ (ဆ) ကို အောက်ပါအတိုင်း အစားထိုးရမည်-

'(ဆ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့က သဘော အဖွဲ့ဝင်တူညီသော တရားလွှတ်တော်ရှေ့နေအဖြစ် အနည်းဆုံး ၁၈ နှစ် အမှုလိုက်ပါ ဆောင်ရွက်ခဲ့သည့် ရှေ့နေလေးဦး၊'

预览已结束，完整报告链接和二维码如下：
https://www.yunbaogao.cn/report/index/report?reportId=10_752575